[illegible]
Karenni Civil Society Network
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

ဩဂုတ်လ ၃၀ ရက်၊ ၂၀၂၃ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ ဩဂုတ်လ ၁၄ရက်မှ ၂၇ ရက်နေ့ထိ၊၂၀၂၃ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ - ဩဂုတ်လ ၁၃ ရက်၊ ၂၀၂၃ | ဩဂုတ်လ ၁၄-၂၇ရက် ၊၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၄၀၇ | ၁ | ၄၀၈ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၅၅ | | ၃၅၅ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၄၅၂ | ၄ | ၄၅၆ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၆၇ | | ၁၆၇ |
| | ဒီးမော့ဆိုမြို့နယ် | ၆၀၈ | ၆ | ၆၁၄ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၃၅၆ | | ၃၅၆ |
| | ဖရူဆိုမြို့နယ် | ၈၃ | ၄၆ | ၁၂၉ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၁၆ | | ၁၆ |
| | ဖားဆောင်းမြို့နယ် | ၃၂ | | ၃၂ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |

| | | | | |
|---|---|---|---|---|
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| **ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း** | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ ဩဂုတ်လ ၁၃ ရက်နေ့ အထိ ၂၀၂၃** | **IDPs အသစ် ဩဂုတ်လ ၁၄ ရက် – ဩဂုတ်လ ၂၇ ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | **စုစုပေါင်း** | **၂၃၂၆၁၅** | | **၂၃၂၆၁၅** |

## စကစ စစ်ဆင်ရေးများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဩဂုတ်လ(၁၄)ရက်မှ ဩဂုတ်လ(၂၇)ရက်၊ ၂၀၂၃ခုနှစ်



**ကရင်နီပြည်အတွင်း ထောက်ပို့လမ်းများအား စကစ မထိန်းချုပ်နိုင်၊ စကစမှ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးဖြင့် ပစ်ခတ်မှုများနှင့် နေအိမ်မီးရှို့မှုများ လုပ်ဆောင်**

ကရင်နီပြည်တွင်းရှိ ထောက်ပို့လမ်းများအား ထိန်းချုပ်ရန် ကြိုးစားနေသော စစ်ကောင်စီသည် ကရင်နီပူးပေါင်းတပ်ဖွဲ့များ၏ ဖြတ်တောက်မှုများကြောင့် ထိန်းချုပ်ထားနိုင်ခြင်းမရှိပေ။ ဩဂုတ်လ ၁၅ ရက်နေ့ ဖရူဆိုမြို့နယ်တွင် စစ်ကြောင်းထိုးလာသော စစ်ကောင်စီတပ်များမှ ရှေ့မတိုးနိုင်ဘဲ ၎င်းတို့၏တပ်များ ပြန်လည်ဆုန်ခွာသွားခဲ့သည်။ သည့်အပြင် ဩဂုတ်လ ၂၃ ရက်နေ့တွင် သံလွင်မြစ်အရှေ့ဘက်ကမ်း ရှမ်းပြည်နယ်မှ ရိက္ခာပို့လာနေသည့် စစ်ကောင်စီတပ်ဖွဲ့များသည် ကရင်နီတပ်မတော်၏ တိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးမှုများပြားခဲ့သည်။ ထို့ကြောင့် စစ်ကောင်စီတပ်များ လက်တုန့်ပြန်သည့်အနေဖြင့် လေကြောင့်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုများ၊ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်မှုများအပြင် အရပ်သား၏ နေအိမ်များအား မီးရှို့ဖျက်စီးမှုများ ပြုလုပ်ခဲ့သည်။

ဩဂုတ်လ ၁၅ ရက်၊ ဖရူဆိုမြို့နယ်ဘက်သို့ စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်ကို ကရင်နီ ပူးပေါင်းတပ်များမှ ၅ ရက်ကြာ ခုခံတိုက်ခိုက်မှုများကြောင့် စစ်ကောင်စီတပ်ဘက်မှ အထိအခိုက် ကျဆုံးမှုကာ ပြန်လည်ဆုတ်ခွာသွားခဲ့ပါသည်။ တိုက်ပွဲများအတွင်း စစ်ကောင်စီတပ်၏ လက်နက်ခဲယမ်း အများအပြား သိမ်းဆည်းရမိသည့်အပြင် ၎င်းတို့၏ တပ်ရင်းမှူး၊ ဗိုလ်ကြီး အဆင့်အပါအဝင် တပ်သား အများအပြား ထိခိုက်ကျဆုံးခဲ့ပါသည်။

ဩဂုတ်လ ၁၇ ရက်၊ မယ်စဲ့မြို့နယ်၊ ပန်တိန်းကျေးရွာရှိ စစ်ကောင်စီ၏တပ်စခန်းတစ်ခုကို ကရင်နီပူးပေါင်း တပ်တို့မှ တက်ရောက်သိမ်းယူရန် ကြိုးပမ်းနေစဉ် စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် (၂၅)ကြိမ် တိုင်အောင် လာရောက် ဗုံးကြဲပစ်ခတ်ခြင်းကြောင့် တော်လှန်ရေးတပ်များမှ ပြန်လည်ဆုတ်ခွာ ခဲ့ရပါသည်။

ဩဂုတ်လ ၂၀ ရက်၊ တော်လှန်ရေးပါပူးပေါင်းတပ်များနှင့် စစ်ကောင်စီတပ်များအကြား ဖရူဆိုမြို့နယ်တွင် တိုက်ပွဲပြင်းထန်နေပြီး စစ်ကောင်စီတပ်များမှ ဖရူဆိုမြို့နယ်၊ ထီးပေါ်ဆိုရွာနှင့် ဒေါ်ညေးခူကျေးရွာထဲသို့ လက်နက်ကြီးများ ၃ ရက်ဆက်တိုက် ပစ်ခတ်ခဲ့မှုကြောင့် ပြည်သူ့နေအိမ် ထိခိုက်ပျက်စီးမှုများ ရှိခဲ့ပါသည်။

ဩဂုတ်လ ၂၁ ရက်၊ နံနက် ၈ နာရီအချိန်တွင် ရှမ်းပြည်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ ကုန်းဆုံကျေးရွာ အနောက်ဘက် ၂ မိုင်ခန့်တွင် တောင်ယာသို့ သွားနေသည့် ဇနီးမောင်နှံနှစ်ဦးတို့ကို စစ်ကောင်စီတပ်မှ ပစ်ခတ် ခဲ့သည့်အတွက် အမျိုးသားဖြစ်သူမှာ သေနတ်ဒဏ်ရာဖြင့် သေဆုံးကာ အမျိုးသည်လည်း ပခုံးဒဏ်ရာဖြင့် စစ်ကောင်စီတပ်များမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ သေဆုံးသွားသော အမျိုးသားအလောင်းနှင့် ဒဏ်ရာရရသည့် အမျိုးသမီးတို့အားပြည်လည် ရရှိရန်အတွက် စစ်ကောင်စီထံမှ ၃၅ သိန်းဖြင့် ပြန်လည် ရွေးယူခဲ့ရသည်။

ဩဂုတ်လ ၂၂ ရက်၊ ဒီးမော့ဆိုမြို့နယ်၊ တနီးလာလဲကျေးရွာ အတွင်းတွင်ရှိသော စစ်ကောင်စီတပ်များသည် တိုက်ပွဲဖြစ်ပွားခြင်းမရှိပဲ ပြည်သူလူထု၏ နေအိမ်တစ်လုံးအား မီးရှို့ဖျက်စီး သွားခဲ့သည်။



စကစ လေကြောင်းတိုက်ခိုက်မှုကြောင့် စာသင်ကျောင်းပျက်စီး



စကစ ဒရုန်းတိုက်ခိုက်မှုကြောင့် ကလေးငယ် ထိခိုက်ဒဏ်ရာရရှိ

ဩဂုတ်လ ၂၃ ရက်၊ သံလွင်မြစ်အရှေ့ဘက်ခြမ်းရှိ ဆိုတရားမြို့နယ်၊ မယ်လယုတွင် စစ်ကောင်စီတပ် ခမရ ၅၁၉၊ ခမရ၃၃၄ နှင့် KAတို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ထိုတိုက်ပွဲတွင် စစ်ကောင်စီတပ်မှ အရာရှိ အပါအဝင် (၁၅)ဦးကျော် သေဆုံးပြီး (၃၀)ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ၎င်းတိုက်ပွဲတွင် စစ်ကောင်စီ၏ လက်နက်ခဲယမ်း အများအပြားကိုလည်း သိမ်းဆည်းရမိခဲ့ပါသည်။ တိုက်ပွဲတွင် စစ်ကောင်စီတပ်များမှ လေကြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုတရက်တည်းတွင် ဖရူဆိုမြို့နယ် အရှေ့ခြမ်းရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်မှ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် အသက် (၈)နှစ်အရွယ်၊ (၉)နှစ်အရွယ်နှင့် (၁၀) နှစ်အရွယ်ရှိ ကလေးငယ် (၃)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထို့အပြင် ဒီးမော့ဆိုမြို့နယ်ထဲမှ ကွိုင်ငံရေထွက်ပေါက်အနီး စစ်ဘေးရှောင်များ လာရောက်နေထိုင်ကြသော နေရာတခုအား စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ဗုံးကြဲ တိုက်ခိုက်ခဲ့သည်။ လူထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း တံတားပျက်စီးမှုရှိသည်။

ဩဂုတ်လ၂၅ ရက်၊ ည ၁၀ နာရီအချိန်တွင် စစ်ကောင်စီလေကြောင်းမှ စစ်ဘေးရှောင်များ ရှိနေသည့် ဒီးမော့ဆို အနောက်ဘက်ခြမ်းတစ်နေရာအား တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ပေါင်အလေးချိန် ၅၀၀ ရှိသော ဗုံး ၂ လုံးဖြင့် ကြဲချခဲ့ပြီး မိနစ်အနည်းငယ်အကြာတွင် လက်နက်ကြီးများဖြင့် (၇) ကြိမ်ပစ်ခတ်ခဲ့ပါသည်။ ထိုသို့ ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် နေအိမ် (၄)လုံးနှင့် ကျောင်းဆောင်တစ်လုံး ထိခိုက်ပျက်စီးခဲ့ပါသည်။

ဩဂုတ်လ ၂၆ ရက်၊ ဖရူဆိုမြို့နယ်၊ ထီးပေါ်ဆိုနှင့် ဒေါ်ညေးခူကျေးရွာအား စစ်ကောင်စီတပ်များမှ တိုက်ပွဲ ဖြစ်ပွားခြင်းမရှိဘဲ မီးရှို့ဖျက်စီးခဲ့သည်။ ဒေါ်ညေးခူကျေးရွာမှ နေအိမ် (၁၃)လုံးအပြင် ထီးပေါ်ဆိုကျေးရွာမှ နေအိမ် (၃၀)လုံးအား မီးရှို့ဖျက်ဆီးခဲ့ပါသည်။

**Contact persons:**
Khu Ko Reh Tel: +666 5329 7814

Khu Ruby Tel: +666 24251608
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com